IPNI

# အသေးစိတ် အချက်အလက် လမ်းညွှန်

## ဩဂဲနစ် (သို့) အင်ဩဂဲနစ်။ ။အပင်အတွက်မည်သည့် အာဟာရဓာတ်သည်ပို ကောင်းသနည်း

**အထက်ဖော်ပြပါမေးခွန်းကို အလျင်မြန်ဆုံးဖြေဆိုရမည်ဆိုလျှင် အပင်အတွက် ဩဂဲနစ် နှင့် အင်ဩဂဲနစ် (စက်ရုံထုတ် သို့ တွင်းထွက်) တို့သည် တခုထက်တခု ပိုကောင်းသည့် အာဟာရဓာတ်များတော့ မဟုတ်ပေ။** နစ်မျိုးစလုံးကို သင့်လျော်သလို သူ့နေရာနှင့်သူ အသုံးပြုသင့်သည်။ တစ်ခုစီတွင် ကောင်းကျိုးဆိုးကျိုးများရှိသည်။ အရင်းအမြစ်နစ်မျိုးစလုံးကို သင့်တော်သလို အသုံးပြုခြင်းကို စုပေါင်းအာဟာရဓာတ်များ စီမံခန့်ခွဲမှု ဟုခေါ်သည်။ ဤအရင်းအမြစ်နစ်ခု၏သက်ဆိုင်ရာ ကောင်းကျိုးများကို ဆက်လက်ရှာဖွေရန်လိုအပ်သည်။

**သီးနှံပင်များစိုက်ပျိုးရာတွင် ဩဂဲနစ်ပစ္စည်းများဖြစ်ကြသော တိရိစ္ဆာန်အညစ်အကြေးများ၊ သစ်ဆွေးမြေဩဇာများ နှင့် ဇီဝပစ္စည်းများသည် ဓာတ်သတ္တုမြေဩဇာများနှင့်အတူ ပူးတွဲသုံးစွဲသင့်သော အရေးကြီးသည့် အာဟာရဓာတ် အရင်းအမြစ်များဖြစ်ကြသည်။** ၎င်းတို့တွင် အပင်အာဟာရများပါဝင်၍ ဩဂဲနစ်ကာဗွန်ဓာတ် (C) ကိုလည်းဖြည့်ဆည်းပေးသည်။ မြေကြီး၏ ဇီဝဆိုင်ရာ၊ ဓာတုဆိုင်ရာ၊ ရုပ်ဂုဏ်သတ္တိဆိုင်ရာများကိုလည်းကောင်းမွန် လာစေသည်။ သို့သော် အာဟာရဓာတ်အားလုံးတို့ကို သေချာစွာ အသုံးပြုတတ်ရန်လိုအပ်သည်။

**အချို့သောနေများ၌ တိရိစ္ဆာန်အညစ်အကြေးများကိုသီးနှံစိုက်ခင်းများအတွက် အပင်အာဟာရများ အဖြစ်သုံးနိုင်သော်လည်း** မြေအောက်ရေထဲသို့ ပိုလျှံသော နိုက်ထရိတ် ($NO_3^-$) များ စိမ့်ဝင်ခြင်းနှင့် ရေမျက်နှာပြင်ပေါ်ရှိ ဖော့စဖရပ် (P) များ ရေနှင့်မြေ တိုက်စားခြင်းများဖြင့် ရွေ့လျားကုန်သည့် ဆိုးကျိုးများကိုဖြစ်ပေါ်စေသည်။ အာဟာရဓာတ်များ အချိုးနှင့် အပင်များလိုအပ်သည့် အချိုးများ မတူညီသည့်အတွက် ရေရှည်တွင် တိရိစ္ဆာန်အညစ်အကြေးများ အသုံးပြုမှု များလာလျှင် မြေကြီးထဲတွင် P များပိုလျှံ၍ စုပုံလာမည်ဖြစ်သည်။ သီးနှံပင်များသည် နိုက်ထရိုဂျင် (N) နှင့် နှိုင်းယှဉ်လျှင် P ကိုလိုအပ်မှု နည်းပါးသည်။ အမိုးနီးယား ($NH_3$) အချို့သည် လေထုထဲတွင် ပျောက်ဆုံးသွားနိုင်သည်။

အချို့သောနိုင်ငံများတွင် တိရိစ္ဆာန်အညစ်အကြေးများ နှင့် လူတို့ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ခြင်းမရှိ သည့်တွက် မြေကြီးထဲတွင် သတ္တုစပ်များ နှင့် ရောဂါပိုးများ စုစည်း၍ လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည်။

**ဩဂဲနစ်အရင်းမြစ်များသုံးခြင်းဖြင့် အခြားသောဆိုးကျိုးများရှိသည်။** အာဟာရဓာတ်ပါဝင်မှုနည်းသည်။ သယ်ယူ ပို့ဆောင်ရမလွယ်ကူ၍ ပေးလျှင်ကုန်ကျစရိတ်များသည်။ အာဟာရများထုတ်လွှတ်သည့်အချိန်နှင့် အပင်လိုအပ် မှုကို ချိန်ကိုက်ရန် ခက်ခဲပြီး အကြွင်းအကျန်များကြောင့် ပတ်ဝန်းကျင်ပေါ် ထိခိုက်နိုင်သည်။

**ဓာတ်သတ္တုမြေဩဇာများတွင်မှ အာဟာရဓာတ်ပမာဏများ အတိအကျပါဝင်ပြီး အပင်မှ အဆင်သင့် စုပ်ယူနိုင်သည်။** သီးနှံပင်လိုအပ်မှုနှင့် ချိန်ကိုက်အသုံးပြုနိုင်သည့်အတွက် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုကိုလည်း လျှော့ချနိုင်သည်။ ဓာတ်သတ္တုမြေဩဇာများသည် အာဟာရဓာတ်ပါဝင်မှုများသည့်အတွက် သယ်ယူပို့ ဆောင်ရဝန်ကျဉ်း၍ စီးပွားရေးအရ တွက်ချေကိုက်သည်။

**ဓာတ်သတ္တုမြေဩဇာများသည် အင်ဩဂဲနစ်ပုံစံများဖြစ်၍ အပင်မှ အဓိကစုပ်ယူနိုင်သည်။** အချို့သော အပင်များသည် ဩဂဲနစ် N မော်လီကျူးအနည်းစုကို စုပ်ယူနိုင်သော်လည်း အပင်လိုအပ်သည့် အာဟာရဓာတ်အပေါ်တွင် အကျိုးသက်ရောက်မှုမရှိသလောက်နည်းပါးသည်။ ဩဂဲနစ်ပစ္စည်းများရှိ အာဟာရဓာတ်များသည် ဩဂဲနစ်မဟုတ်သောပုံစံသို့ပြောင်းလဲမှသာ အပင်များမှ စုပ်ယူအသုံးပြုနိုင်သည်။ မြေထဲသို့ ဩဂဲနစ်ပစ္စည်းများထည့်ရာတွင် သီးနှံပင်၏ ရေတိုရေရှည် လိုအပ်မှုပေါ်မူတည်၍ အာဟာရဓာတ် များကို သေချာစွာ ချိန်ကိုက်ထည့်သင့်သည်။

| N-$P_2O_5$-$K_2O$ ကို မည်သို့ စီစစ်မည်လဲ | | | |
|---|---|---|---|
| တိရိစ္ဆာန်အညစ်အကြေးများ | | စီးပွားဖြစ်မြေဩဇာ | |
| အင်ဩဂဲနစ်(ဓာတ်သတ္တု)မြေဩဇာ၌ အာဟာရဓာတ်များ ပါဝင်မှုကို ဂရုတစိုက် ထိမ်းနိုင်သော်လည်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ ရာသီဥတုနှင့်အခြားအချက်တို့ကြောင့် ဩဂဲနစ်ပစ္စည်းများတွင် အာဟာရဓာတ်များ ပါဝင်မှုလွန်စွာကွဲပြားသည်။ | ၄-၃-၂ ?<br>၂-၄-၂ ?<br>၂-၃-၄ ? | ၁၆-၁၆-၁၆<br>(မည်သည့်အတိအကျ အချိုးဖြစ်ဖြစ်) | တိရိစ္ဆာန်အညစ်အကြေးများမြေဩဇာ၌ အာဟာရဓာတ်များ ပါဝင်မှုသည် အခြား ဩဂဲနစ်ပစ္စည်းများတွင် ပါဝင်မှုနှင့် လွန်စွာကွဲပြားသည်။ အင်ဩဂဲနစ် စီးပွားဖြစ်မြေဩဇာသည် အာဟာရဓာတ်များ ပါဝင်မှုအချိုးကို အပင်နှင့်မြေလိုအပ်ချက်အတိုင်း လုပ်နိုင်ပါသည်။ ဩဂဲနစ် မြေဩဇာသည် အာဟာရဓာတ်များ ပါဝင်မှုအလွန်နည်းပါးသည့်အတွက် ဝေးလံသည့်နေရာသို့ သယ်ယူပို့ဆောင်ရာတွင် လက်တွေ့မကျပါ။ |






## ဖတ်သင့်သော စာအုပ်စာစောင်များ

Kirchmann, et al. 2007. Agronomy Journal 99:960-972

Marschner, H. 1986.Mineral Nutrition in Higher Plants. Academic Press. New York. 674p. 2009.

Nashsholm, T., K.Kielland, and U. Ganeteg. 2009. New Phytologist 182:31-48.

Smith-Spangler et al. 2012. Annals of Internal Medicine 157:348-366.



INTERNATIONAL PLANT NUTRITION INSTITUTE

Southeast Asia Program, Penang, Malaysia
Email: seap@ipni.net http://seap.ipni.net



Canpotex Growing Relationships. Since 1972.

မှ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာပြန်ဆိုမှုကို ထောက်ပံ့ပေးပြီး

wilmar

မှ မြန်မာပြည်အတွင်း ဖြန့်ချီမှုကို ထောက်ပံ့ပေးပါသည်။

ဤအသေးစိတ် အချက်အလက် လမ်းညွှန်သည် IPNI အပြည်ပြည်ဆိုင်ရာ အပင်အာဟာရအဖွဲ့အစည်း မှ သိပ္ပံပညာရှင်များ ရေးသားထားသော အပင်အာဟာရလမ်းညွှန်စာအုပ်ထဲမှ ကောက်နုပ်ထားသော လမ်းညွှန်တွဲမှ တခုဖြစ်သည်။ ဤလမ်းညွှန်များကို www.ipni.net/publications PDF ဖိုင်တွင်ဖတ်၍ ရနိုင်ပါသည်။

IPNI SEAP Contribution No. SSB2015-02